EMReF
Enlightened Myanmar
Research Foundation




# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏

# ရွေးကောက်ပွဲရလဒ်များ

## တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အခင်းအကျင်းများကို နှစ်အလိုက်နှိုင်းယှဉ်သုံးသပ်ခြင်း

(၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀)



**သုံးသပ်တင်ပြသူ**
ဇော်မင်းဦး
အကြီးတန်းသုတေသနအရာရှိ
လွှတ်တော်သုတေသနနှင့်လွှတ်တော်အထောက်အကူပြုအစီအစဉ်
Enlightened Myanmar Research Foundation (EMReF)

**အင်ဖိုဂရပ်ဖစ်အယ်ဒီတာ**
နော်မူးမူးဖော
သုတေသနနှင့်အချက်အလက်အရာရှိ
လွှတ်တော်သုတေသနနှင့်လွှတ်တော်အထောက်အကူပြုအစီအစဉ်
Enlightened Myanmar Research Foundation (EMReF)

**အယ်ဒီတာ**
မြတ်သဲသစ္စာ
မဟာဗျူဟာအကြံပေးနှင့် ညွှန်ကြားရေးမှူး
လွှတ်တော်သုတေသနနှင့်လွှတ်တော်အထောက်အကူပြုအစီအစဉ်
Enlightened Myanmar Research Foundation (EMReF)

**ဂရပ်ဖစ်ဒီဇိုင်း**
စည်သူအောင်
Enlightened Myanmar Research Foundation (EMReF)

# မာတိကာ


**ရွေးကောက်ပွဲတွင် ပါတီအလိုက် လွှတ်တော်များနှင့် အမျိုးသမီးများ အနိုင်ရရှိမှုတို့အား နှိုင်းယှဉ်ချက် (၂၀၁၀၊၂၀၁၅၊ ၂၀၂၀)** ၆

**နိဒါန်း** ၇

**ပါတီများဝင်ရောက်ယှဉ်ပြိုင်မှု** ၇

**၁။ အထွေထွေရွေးကောက်ပွဲများ၌ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပါတီများ အနိုင်ရရှိမှုအနေအထားအား နှိုင်းယှဉ်သုံးသပ်ခြင်း** ၈

၁.၁။ ပြည်ထောင်စုတွင်အနိုင်ရရှိမှုအား နှိုင်းယှဉ်လေ့လာခြင်း ၈

၁.၂။ ရွေးကောက်ပွဲအလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အနိုင်ရရှိမှုနှိုင်းယှဉ်ခြင်း ၉

**၂။ ကြားဖြတ်ရွေးကောက်ပွဲများ(၂၀၁၂၊ ၂၀၁၇၊ ၂၀၁၈) ၌ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး လွှတ်တော်များတွင် ပါတီများအနိုင်ရရှိမှုအနေအထားအား နှိုင်းယှဉ်သုံးသပ်ခြင်း** ၁၀

၂.၁။ ပြည်ထောင်စုတွင် ကြားဖြတ်ရွေးကောက်ပွဲများ၌ ပါတီများအနိုင်ရရှိမှုအား နှိုင်းယှဉ်လေ့လာခြင်း ၁၀

၂.၂။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲများ၌ ပါတီများအနိုင်ရရှိမှုအား နှိုင်းယှဉ်လေ့လာခြင်း ၁၁

**၃။ အထွေထွေရွေးကောက်ပွဲများတွင် ပါတီများအနိုင်ရရှိမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့်တွင် နှိုင်းယှဉ်သုံးသပ်ခြင်း** ၁၂

၃.၁။ ပြည်နယ်များတွင် အနိုင်ရရှိမှုအား နှိုင်းယှဉ်ခြင်း ၁၂

၃.၂။ တိုင်းဒေသကြီးများတွင် အနိုင်ရရှိမှုအား နှိုင်းယှဉ်ခြင်း ၁၃

**၄။ ရွေးကောက်ပွဲများ၌ အမျိုးသမီးကိုယ်စားလှယ် ဝင်ရောက်ယှဉ်ပြိုင်မှုနှင့် အနိုင်ရရှိမှုကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နှိုင်းယှဉ်သုံးသပ်ခြင်း** ၁၄

၄.၁။ အမျိုးသမီးကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မှု အရေအတွက်နှင့် အနိုင်ရရှိမှုနှိုင်းယှဉ်ပြပုံ ၁၄

၄.၂။ ပြည်ထောင်စုတွင် အမျိုးသမီးများအနိုင်ရရှိမှုအားနှိုင်းယှဉ်ခြင်း ၁၄

၄.၃။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အမျိုးသမီးများအနိုင်ရရှိမှုအား နှိုင်ယှဉ်ခြင်း ၁၅

**၅။ အထွေထွေရွေးကောက်ပွဲအလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်အသီးသီးတွင် အနိုင်ရရှိမှုများကို နှိုင်းယှဉ်သုံးသပ်ခြင်း (၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀)** ၁၆

**၅.၁။ ကချင်ပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၁၆

၅.၁.၁။ ကချင်ပြည်နယ်လွှတ်တော် ၁၆

၅.၁.၂။ ကချင်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၁၇

**၅.၂။ ကယားပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၁၇

၅.၂.၁။ ကယားပြည်နယ်လွှတ်တော် ၁၇

၅.၂.၂။ ကယားပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၁၈

**၅.၃။ ကရင်ပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၁၉

၅.၃.၁။ ကရင်ပြည်နယ်လွှတ်တော် ၁၉

၅.၃.၂။ ကရင်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများ အနိုင်ရရှိမှုရာခိုင်နှုန်း ၁၉

**၅.၄။ ချင်းပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၂၀

၅.၄.၁။ ချင်းပြည်နယ်လွှတ်တော် ၂၀

၅.၄.၂။ ချင်းပြည်နယ်လွှတ်တော်တွင် အမျိုးသမီများ အနိုင်ရရှိမှု ရာခိုင်နှုန်း ၂၁

**၅.၅။ မွန်ပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၂၂

၅.၅.၁။ မွန်ပြည်နယ်လွှတ်တော် ၂၂

၅.၅.၂။ မွန်ပြည်နယ်လွှတ်တော်တွင်း အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၂၃

**၅.၆။ ရခိုင်ပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၂၃

၅.၆.၁။ ရခိုင်ပြည်နယ်လွှတ်တော် ၂၃

၅.၆.၂။ ရခိုင်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၂၄

**၅.၇။ ရှမ်းပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၂၅

၅.၇.၁။ ရှမ်းပြည်နယ်လွှတ်တော် ၂၅

၅.၇.၂။ ရှမ်းပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၂၆

**၅.၈။ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၂၇

၅.၈.၁။ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ၂၇

၅.၈.၂။ ဧရာဝတီတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၂၈

**၅.၉။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၂၈

၅.၉.၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ၂၈

၅.၉.၂။ ပဲခူးတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၂၉

**၅.၁၀။ မန္တလေးတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၃၀

၅.၁၀.၁။ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ၃၀

၅.၁၀.၂။ မန္တလေးတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၃၀

**၅.၁၁။ မကွေးတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၃၁

၅.၁၁.၁။ မကွေးတိုင်းဒေသကြီးလွှတ်တော် ၃၁

၅.၁၁.၂။ မကွေးတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၃၂

**၅.၁၂။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၃၂

၅.၁၂.၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ၃၂

၅.၁၂.၂။ စစ်ကိုင်းတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၃၃

**၅.၁၃။ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၃၃

၅.၁၃.၁။ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ၃၃

၅.၁၃.၂။ တနင်္သာရီတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှုရာခိုင်နှုန်း ၃၄

**၅.၁၄။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု** ၃၅

၅.၁၄.၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ၃၅

၅.၁၄.၂။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း ၃၆


## နောက်ဆက်တွဲဇယားများ


ဇယား-၁။ အထွေထွေရွေးကောက်ပွဲများအလိုက် အနိုင်ရပါတီများရလဒ်ဇယား ၃၇

ဇယား-၂။ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်ဇယား ၃၇

ဇယား-၃။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်ဇယား ၃၈

ဇယား-၄။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲရလဒ်ဇယား ၉၀


**ကိုးကား** ၄၀

# ရွေးကောက်ပွဲတွင် ပါတီအလိုက် လွှတ်တော်များနှင့် အမျိုးသမီးများအနိုင်ရရှိမှုတို့အား နှိုင်းယှဉ်ချက် (၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀)


### ဝင်ရောက်ယှဉ်ပြိုင်ကြသည့်ပါတီနှင့် တစ်သီးပုဂ္ဂလအရေအတွက်




### ပြည်ထောင်စုတွင် အနိုင်ရရှိမှု ရာခိုင်နှုန်း




### တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အနိုင်ရရှိမှု ရာခိုင်နှုန်း




### တိုင်းဒေသကြီးများတွင် အနိုင်ရရှိမှု ရာခိုင်နှုန်း





### ပြည်နယ်များတွင် အနိုင်ရရှိမှု ရာခိုင်နှုန်း





အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | တိုင်းရင်းသားပါတီ

### ပြည်ထောင်စုတွင် အမျိုးသမီးများ အနိုင်ရရှိမှု ရာခိုင်နှုန်း




### တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အမျိုးသမီးများ အနိုင်ရရှိမှု ရာခိုင်နှုန်း



# နိဒါန်း

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံအထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ မှစတင်၍ ၅ နှစ်တစ်ကြိမ် ကျင်းပလာခဲ့၍ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် တတိယအကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီစနစ် အားကောင်းလာစေရေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ သို့ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လွှတ်တော်များတွင် အနိုင်ရရှိခဲ့သည့်ပါတီများ၏ ရာခိုင်နှုန်း၊ ကျား-မပါဝင်မှုအချိုးအစားများကို သိရှိစေရန်ရည်ရွယ်၍ ၂၀၁၀ ခုနှစ် ပထမအကြိမ်သက်တမ်းမှ အနိုင်ရရှိမှုရလဒ်များနှင့် ၂၀၁၅၊ ၂၀၂၀ တို့ကိုစုစည်း၍ နှိုင်းယှဉ်လေ့လာတင်ပြခြင်းဖြစ်ပါသည်။ ထိုသို့နှိုင်းယှဉ်လေ့လာရာတွင် အဓိကအားဖြင့် အင်အားကြီးပါတီများဖြစ်ပြီး အများဆုံးအနိုင်ရရှိခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် တိုင်းရင်းသားပါတီတို့၏ အနိုင်ရရှိမှုများကိုလည်း ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နှိုင်းယှဉ်ထားပါသည်။

# ပါတီများဝင်ရောက်ယှဉ်ပြိုင်မှု

အထွေထွေရွေးကောက်ပွဲ တတိယအကြိမ်မြောက်ကျင်းပခဲ့သည့်အပြင် ကြားဖြတ်ရွေးကောက်ပွဲများအနေနှင့်လည်း ၂၀၁၂၊ ၂၀၁၇၊၂၀၁၈ ခုနှစ်များတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပါတီများ ဝင်ရောက်ယှဉ်ပြိုင်မှုအနေဖြင့် ၂၀၁၀ ခုနှစ်တွင် (၃၇) ပါတီ၊ ၂၀၁၅ ခုနှစ်တွင် (၉၁) ပါတီနှင့် ၂၀၂၀ ခုနှစ်တွင် (၈၇) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်မှု အရေအတွက်အားဖြင့် ၂၀၁၀ ခုနှစ်တွင် ၈၂ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၃၁၀ ဦး နှင့် ၂၀၂၀ ခုနှစ်တွင် ၂၆၆ ဦး[၁] ဝင်ရောက်ယှဉ်ပြိုင်ကြသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက ယှဉ်ပြိုင်ကြသည့် ပါတီအရေအတွက်နှင့် ကိုယ်စားလှယ်လောင်း အရေအတွက်အားဖြင့် ၂၀၁၀ ရွေးကောက်ပွဲထက်ပို၍ သိသိသာသာများပြားလာသည်ကို တွေ့ရှိရပါသည်။ ၂၀၂၀ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စုစုပေါင်းကိုယ်စားလှယ် ၆၉၆၉ ဦး ဖြစ်သော်လည်း လုံခြုံရေးအခက်အခဲများကြောင့် အချို့မဲဆန္ဒနယ်များ ပယ်ဖျက်ခဲ့ရပြီး ၅၆၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။၂၀၂၀ ခုနှစ်တွင် ရွေးကောက်ပွဲ လုံးဝမကျင်းပနိုင်သည့် မြို့နယ်များအဖြစ် ရခိုင်ပြည်နယ်တွင် ၉ မြို့နယ်နှင့် ရှမ်းပြည်နယ်တွင် ၆ မြို့နယ် စုစုပေါင်း ၁၅ မြို့နယ်တွင် ရွေးကောက်ပွဲ လုံးဝကျင်းပနိုင်ခြင်းမရှိသည်ကို တွေ့ရှိရသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းရှိ အချို့မဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲမကျင်းပနိုင်သည့် နယ်မြေများအဖြစ် တွေ့ရသည်။ ၂၀၁၅ ခုနှစ်တွင်လည်း ချင်းပြည်နယ်မှလွဲ၍ အဆိုပါဖော်ပြပါ ပြည်နယ်နှင့်တိုင်းရှိ အချို့နယ်မြေများတွင် မကျင်းပနိုင်ခဲ့သည်ကို တွေ့ရသည်။

[၁] ၂၀၂၀ တွင် တစ်သီးပုဂ္ဂလ ၂၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း လုံခြုံရေးအရ ပယ်ဖျက်ခဲ့ခြင်းကြောင့် ၂၆၆ ဦး ဝင်ပြိုင်ခဲ့သည်။


# အထွေထွေရွေးကောက်ပွဲများ၌ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပါတီများအနိုင်ရရှိမှု အနေအထားအား နှိုင်းယှဉ်သုံးသပ်ခြင်း

## ပြည်ထောင်စုတွင်အနိုင်ရရှိမှုအား နှိုင်းယှဉ်လေ့လာခြင်း

ရွေးကောက်ပွဲရလဒ်များအရ ၂၀၁၀ ပထမအကြိမ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စု၌ အများဆုံး အနိုင်ရရှိသည့်ပါတီအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အများဆုံးအနိုင်ရရှိသည်ကို တွေ့ရသည်။ အများဆုံး အနိုင်ရရှိသည့် ပြည်ခိုင်ဖြိုးပါတီနှင့် တိုင်းရင်းသားပါတီများ အနိုင်ရရှိမှုအား နှိုင်းယှဉ်လေ့လာရာတွင် ပြည်ခိုင်ဖြိုးပါတီသည် ပြည်ထောင်စု (ပြည်သူ့လွှတ်တော် + အမျိုးသားလွှတ်တော်) တွင် ၇၈ %ကျော်ရရှိပြီး တိုင်းရင်းသားပါတီများမှ ၁၅ % ကျော် ရရှိကြသည်။

သို့သော်လည်း ဒုတိယအကြိမ် (၂၀၁၅) ခုနှစ်တွင် ၈၀% နှင့် တတိယအကြိမ် (၂၀၂၀) ခုနှစ် အထွေထွေရွေးကောက်ပွဲတို့တွင် ၈၃% ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှသာ အပြတ်အသတ် အများဆုံးအနိုင်ရရှိခဲ့သည်ကို တွေ့ရ သည်။ ပထမအကြိမ်တွင် အများဆုံးအနိုင်ရရှိခဲ့သည့် ပြည်ခိုင်ဖြိုးပါတီအနေဖြင့် ၂၀၁၀ နှင့်နှိုင်းယှဉ်ပါက အနိုင်ရရှိမှု မှာ သိသိသာသာ လျော့နည်းလာသည်ကို တွေ့ရသည်။ ၂၀၁၀ ခုနှစ်တွင် ၇၉% အနိုင်ရရှိခဲ့ရာမှ ၂၀၁၅ တွင် ၈% သာ အနိုင်ရရှိခဲ့ပြီး ၂၀၂၀ တတိယအကြိမ် အထွေထွေရွေးကောက်ပွဲတွင် ၇% သာ အနိုင်ရရှိသည်ကို တွေ့ရသည်။ တိုင်းရင်းသားပါတီများအနေနှင့်လည်း ၂၀၁၀ နှင့် နှိုင်းယှဉ်ပါက အနိုင်ရရှိမှုရာခိုင်နှုန်း အနည်းငယ်လျော့နည်းလာသည်ကို တွေ့ရသည်။ ယခင် ၂၀၁၀ ခုနှစ်တွင် ၁၅% အနိုင်ရရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၁၂% နှင့် ၂၀၂၀ ခုနှစ် တတိယအကြိမ်တွင် ၁၀% အနိုင်ရရှိသည်ကို တွေ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၂၀၁၀ ပထမအကြိမ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှသာ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယနှင့်တတိယအကြိမ် အထွေထွေရွေးကောက်ပွဲများတွင်လည်း တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။


### ပုံ (၁) ပြည်ထောင်စုတွင်ပါတီများ အနိုင်ရရှိမှုအနေအထား နှိုင်းယှဉ်ပြပုံ



## ရွေးကောက်ပွဲအလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အနိုင်ရရှိမှုနှိုင်းယှဉ်ခြင်း

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း ၂၀၁၀ခုနှစ် ပထမအကြိမ်သက်တမ်းတွင် ပြည်ခိုင်ဖြိုးပါတီမှ အများဆုံး အနိုင်ရရှိပြီး ဒုတိယအကြိမ်နှင့်တတိယအကြိမ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှသာ အများဆုံးအနိုင်ရရှိခဲ့သည်။ ၂၀၁၀ ခုနှစ် အနိုင်ရရှိမှုများနှင့် နှိုင်းယှဉ်ကြည့်ပါက ပြည်ခိုင်ဖြိုးပါတီနှင့် တိုင်းရင်းသားပါတီတို့မှ အနိုင်ရရှိမှုမှာ သိသိသာသာလျော့နည်းလာကြသည်။

### ပုံ (၂) တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ပါတီများအနိုင်ရရှိမှုနှိုင်းယှဉ်ပြပုံ




# ကြားဖြတ်ရွေးကောက်ပွဲများ (၂၀၁၂၊ ၂၀၁၇၊ ၂၀၁၈) ၌ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးလွှတ်တော်များတွင် ပါတီများ အနိုင်ရရှိမှုအနေအထားအား နှိုင်းယှဉ်သုံးသပ်ခြင်း

## ပြည်ထောင်စုတွင်ကြားဖြတ်ရွေးကောက်ပွဲများ၌ ပါတီများအနိုင်ရရှိမှုအား နှိုင်းယှဉ်လေ့လာခြင်း

ပထမအကြိမ်သက်တမ်း(၂၀၁၀-၂၀၁၅)တွင် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၂ ခုနှစ်၌ကျင်းပခဲ့ပြီး ဒုတိယအကြိမ်သက်တမ်း (၂၀၁၅-၂၀၂၀) တွင် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲ (၂) ကြိမ် ကျင်းပပြုလုပ်ခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကျင်းပခဲ့သည့် ၃ ကြိမ်လုံးတွင် အများဆုံးအနိုင်ရရှိသည်ကို တွေ့ရသည်။ ၂၀၁၂ ခုနှစ် ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲမှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြည်ထောင်စုတွင် ၉၅ %ကျော် အနိုင်ရရှိခဲ့သည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲများတွင် အနိုင်ရရှိမှုအနေနှင့် ၆၀ % ကျော်ဖြင့် အများဆုံးအနိုင်ရရှိသော်လည်း ပထမအကြိမ်နှင့် နှိုင်းယှဉ်သုံးသပ်ပါက လျော့နည်းသည်ကိုတွေ့ရသည်။ အင်အားကြီး အတိုက်အခံပါတီတစ်ခုဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲတွင် ၂% ခန့်သာ အနိုင်ရရှိခဲ့သော်လည်း ဒုတိယအကြိမ်တွင် ၈% ခန့်နှင့် တတိယအကြိမ်တို့တွင် ၂၀% အထိ သိသိသာသာတိုး၍ အနိုင်ရရှိသည်ကို တွေ့ရသည်။ အလားတူပင် တိုင်းရင်းသားပါတီများသည်လည်း ပထမအကြိမ်တွင် ၂% ခန့် အနိုင်ရရှိခဲ့ရာမှ ဒုတိယအကြိမ်တွင် ၂၅ % နှင့် တတိယအကြိမ်တွင် ၂၀% ဖြင့် ပထမအကြိမ်ထက် သိသိသာသာ အနိုင်ရရှိခဲ့သည်ကိုတွေ့ရသည်။


**ပုံ (၃) ပြည်ထောင်စုတွင် ကြားဖြတ်ရွေးကောက်ပွဲများ၌ ပါတီများအနိုင်ရရှိမှု နှိုင်းယှဉ်ပြပုံ**



## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲများ၌ ပါတီများအနိုင်ရရှိမှုအား နှိုင်းယှဉ်လေ့လာခြင်း

ကြားဖြတ်ရွေးကောက်ပွဲကျင်းပခဲ့သည့် (၃) ကြိမ်တွင် (၂) ကြိမ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အများဆုံးအနိုင်ရရှိခဲ့သည်။ ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲ ၂၀၁၂ ခုနှစ်တွင် ၁၀၀% အပြည့်အဝအနိုင်ရရှိခဲ့ပြီး တတိယအအကြိမ် ၂၀၁၈ ခုနှစ်တွင် ၅၀% အနိုင်ရရှိခဲ့သည်။ ဒုတိယအကြိမ်သက်တမ်း ၂၀၁၇ ခုနှစ်တွင် တိုင်းရင်းသားပါတီများမှ ၇၁% ခန့်ဖြင့် အများဆုံးအနိုင်ရရှိခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှာ ၁၄% ခန့်သာ အနိုင်ရရှိခဲ့ကြသည်။ သို့သော်လည်း ၂၀၁၈ ခုနှစ် တတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများ အနိုင်ရရှိမှုမှာ ၁၃% ခန့်သာ အနိုင်ရရှိခဲ့ပြီး ဒုတိယအကြိမ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ လျော့ကျလာသည်ကို တွေ့ရသည်။

### ပုံ (၄) တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အနိုင်ရရှိမှု နှိုင်းယှဉ်ပြပုံ




# အထွေထွေရွေးကောက်ပွဲများတွင် ပါတီများအနိုင်ရရှိမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့်တွင် နှိုင်းယှဉ် သုံးသပ်ခြင်း

## ပြည်နယ်များတွင် အနိုင်ရရှိမှုအား နှိုင်းယှဉ်ခြင်း

ရွေးကောက်ပွဲရလဒ်များအရ ပထမအကြိမ်သက်တမ်းတွင် ပြည်နယ်များ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၅၂ % ခန့် အနိုင်ရရှိခဲ့ပြီး တိုင်းရင်းသားပါတီများမှာ ၄၁ % ခန့် အနိုင်ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှာ ဒုတိယနှင့် တတိယအကြိမ် ရွေးကောက်ပွဲများတွင် အများဆုံးအနိုင်ရရှိသည်ကို တွေ့ရသည်။ ဒုတိယအကြိမ်တွင် ၄၅ % အနိုင်ရရှိခဲ့ပြီး တတိယအကြိမ်တွင် ၅၂% နီးပါး အနိုင်ရရှိခဲ့သည်။ တိုင်းရင်းသားပါတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့မှာ ပထမအကြိမ် သက်တမ်းထက် အနိုင်ရရှိမှုမှာ သိသိသိသာသာ လျော့နည်းလာသည်ကို တွေ့ရသည်။ တိုင်းရင်းသားပါတီများအနေဖြင့် တတိယအကြိမ်ရွေးကောက်ပွဲတွင် ဒုတိယအကြိမ်အထက် အနိုင်ရရှိမှုရာခိုင်နှုန်း ၂% ကျော်ပို၍ အနိုင်ရရှိသည်ကို တွေ့ရပြီး ရွေးကောက်ပွဲမကျင်းပခဲ့ရသည့်နေရာများ အထူးသဖြင့် ရခိုင်နှင့်ရှမ်းပြည်နယ်များတွင် ကြားဖြတ်ရွေးကောက်ပွဲများ ပြန်လည်၍ကျင်းပနိုင်ပါက တိုင်းရင်းသားပါတီများအနိုင်ရရှိမှုမှာ ယခုထက်ပို၍ တိုးလာနိုင်သည်။


### ပုံ (၅) ပြည်နယ်များတွင် အနိုင်ရရှိမှုအား နှိုင်းယှဉ်ပြပုံ



## တိုင်းဒေသကြီးများတွင်အနိုင်ရရှိမှုအားနှိုင်းယှဉ်ခြင်း

တိုင်းဒေသကြီးများတွင် တိုင်းရင်းသားပါတီများအနိုင်ရရှိမှုမှာ အလွန်နည်းပါပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ အများဆုံးအနိုင်ရရှိကြသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှာ ပထမအကြိမ်သက်တမ်းတွင် ၉၀ % နီးပါးအထိ အနိုင်ရရှိခဲ့ပြီး ဒုတိယနှင့်တတိယအကြိမ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှသာ တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။

### ပုံ (၆) တိုင်းဒေသကြီးများတွင်အနိုင်ရရှိမှုအားနှိုင်းယှဉ်ပြပုံ



# ရွေးကောက်ပွဲများ၌ အမျိုးသမီးကိုယ်စားလှယ် ဝင်ရောက်ယှဉ်ပြိုင်မှုနှင့် အနိုင်ရရှိမှုကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှိုင်းယှဉ်သုံးသပ်ခြင်း


## အမျိုးသမီးကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မှုအရေအတွက်နှင့် အနိုင်ရရှိမှု နှိုင်းယှဉ်ပြပုံ

အမျိုးသမီးများပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်အရေအတွက်အားဖြင့် ၂၀၁၀ တွင် ၁၂၇ ဦးရှိပြီး ၂၀၁၅ တွင် ၈၀၁ ဦးနှင့် ၂၀၂၀ တွင် ၉၀၇ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အမျိုးသမီးကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်မှုအားဖြင့် ၂၀၁၀ နှင့်နှိုင်းယှဉ်ပါက ပို၍သိသိသာသာ များပြားလာသည်ကို တွေ့ရှိရသည်။

## ပြည်ထောင်စုတွင် အမျိုးသမီးများအနိုင်ရရှိမှုအား နှိုင်းယှဉ်ခြင်း

အမျိုးသမီးများအနိုင်ရရှိမှုအနေနှင့် တတိယအကြိမ် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ယခင် ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတို့ထက်ပို၍ အနိုင်ရရှိခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ၆ %သာ အနိုင်ရရှိခဲ့ရာမှ ဒုတိယအကြိမ် (၂၀၁၅) တွင် ၁၄ % နှင့် တတိယအကြိမ် (၂၀၂၀) တွင် ၁၇ % အထိ အနိုင်ရရှိခဲ့သည်။


**ပုံ (၇) ပြည်ထောင်စုတွင် အနိုင်ရရှိမှု နှိုင်းယှဉ်ပြပုံ**



## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အမျိုးသမီးများအနိုင်ရရှိမှုအား နှိုင်းယှဉ်ခြင်း

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း အမျိုးသမီးများအနိုင်ရရှိမှု ၂၀၁၀ အထွေထွေရွေးကောက်ပွဲထက်ပို၍ အနိုင်ရရှိသည်ကိုတွေ့ရသည်။ ပထမအကြိမ်သက်တမ်းတွင် ၄% ခန့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကြိမ် (၂၀၁၅) တွင် ၁၃% ခန့် နှင့် တတိယအကြိမ် (၂၀၂၀) တွင် ၁၈% အနိုင်ရရှိခဲ့သည်။

**ပုံ (၈) တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အနိုင်ရရှိမှုနှိုင်းယှဉ်ပြပုံ**



# အထွေထွေရွေးကောက်ပွဲအလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်အသီးသီးတွင် အနိုင်ရရှိမှုများကို နှိုင်းယှဉ်သုံးသပ်ခြင်း (၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀)


## ကချင်ပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု


### ကချင်ပြည်နယ်လွှတ်တော်


- ကချင်ပြည်နယ်လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၄၀) ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၁၃) ဦး စုစုပေါင်း (၅၃) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၄၀) ဦးအနက် (၃၆) ဦးမှာ တစ်မြို့နယ်လျှင် (၂)ဦး ကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများ ဖြစ်ကြသည်။ ကျန် (၄) ဦးမှာ ၀.၁ % အထက် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ရှမ်း၊ လီဆူ၊ ရဝမ်၊ ဗမာလူမျိုးစသည့် တိုင်းရင်းသားရေးရာဝန်ကြီးများဖြစ်ကြသည်။

- အထွေထွေရွေးကောက်ပွဲရလဒ်များအရ ပထမအကြိမ်လွှတ်တော်သက်တမ်း (၂၀၁၀ -၂၀၁၅) ခုနှစ်တွင် အများဆုံးအနိုင်ရပါတီအဖြစ် ပြည်ခိုင်ဖြိုးပါတီ ၅၃%၊ ဒုတိယအများဆုံးအနိုင်ရရှိသည့် ပါတီအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ၂၆% တို့ဖြစ်ကြသည်ကို တွေ့ရှိရသည်။ သို့သော်လည်း (၂၀၁၅- ၂၀၂၀) ဒုတိယအကြိမ်လွှတ်တော်သက်တမ်းနှင့် (၂၀၂၀ -၂၀၂၅ ) တတိယအကြိမ်သက်တမ်းတို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှသာ အများဆုံးအနိုင်ရရှိပြီး ဒုတိယအကြိမ်သက်တမ်းတွင် ၆၅% နှင့် တတိယအကြိမ် လွှတ်တော်သက်တမ်းတွင်လည်း ၇၀% ရရှိထားသဖြင့် လွှတ်တော်အတွင်း နေရာအများဆုံးရရှိသည့်ပါတီအဖြစ် ဆက်လက်ဦးဆောင်မည်ဖြစ်သည်။

**ပုံ (၉) ကချင်ပြည်နယ်လွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပုံ**







### ကချင်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- အမျိုးသမီးများအနိုင်ရရှိမှုအနေနှင့် တတိယအကြိမ် ၂၀၂၀ သက်တမ်းတွင် ၁၅% ဖြင့် ပိုမိုများပြားလာသည်ကို တွေ့ရသည်။

**ပုံ (၁၀) ကချင်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ**





## ကယားပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု

### ကယားပြည်နယ်လွှတ်တော်

- ကယားပြည်နယ်လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၅) ဦး စုစုပေါင်း (၂၀) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၁၅) ဦးအနက် (၁၄) ဦးမှာ တစ်မြို့နယ်လျှင် (၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြစ်ကြသည်။ကျန် (၁) ဦးမှာ ၀.၁ % အထက် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖြစ်သည်။

- ၂၀၁၀၊ ၂၀၁၅ နှင့် ၂၀၂၀ ရွေးကောက်ပွဲရလဒ်များအရ ကယားပြည်နယ်လွှတ်တော်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၂၀၁၀ တွင် ၁၀၀ % အပြည့်အဝ အနိုင်ရရှိသည်ကို တွေ့ရှိရသည်။ သို့သော်လည်း ၂၀၁၅ နှင့် ၂၀၂၀ ခုနှစ်များတွင် အနိုင်ရရှိမှုရာခိုင်နှုန်းအနေဖြင့် သိသိသာသာ လျော့နည်းလာသည်ကို တွေ့ရှိရသည်။ တတိယအကြိမ်ကျင်းပသည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေနှင့် ၆၀% အနိုင်ရရှိထားသဖြင့် ဒုတိယအကြိမ်သက်တမ်းကဲ့သို့ပင် ဆက်လက်ဦးဆောင်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသားပါတီဖြစ်သည့် ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီသည် တတိယအကြိမ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေ (၃) နေရာတွင် အနိုင်ရရှိခဲ့ပြီး လွှတ်တော်တွင်း ၂၀% နေရာရရှိထားပါသည်။ ယခင်လွှတ်တော်သက်တမ်းများတွင် တိုင်းရင်းသားပါတီများ အနိုင်ရရှိမှုအနေဖြင့် မတွေ့ရှိရပါ။


## ပုံ (၁၁) ကယားပြည်နယ်လွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပုံ




### ကယားပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- ယခင် ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်များတွင် အမျိုးသမီးကိုယ်စားလှယ်များ အနိုင်ရရှိမှု မတွေ့ရပါ။ ၂၀၂၀ ခုနှစ်တွင်သာ ပထမဦးဆုံးအကြိမ်အဖြစ် အမျိုးသမီး ၁၃ % အမျိုးသမီးများ အနိုင်ရရှိခဲ့သည်။

## ပုံ (၁၂) ကယားပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ




# ကရင်ပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု

## ကရင်ပြည်နယ်လွှတ်တော်

- ကရင်ပြည်နယ်လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၁၇) ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၆) ဦး စုစုပေါင်း (၂၃) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၁၇) ဦးအနက် (၁၄) ဦးမှာ တစ်မြို့နယ်လျှင်(၂) ဦး ကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြစ်ကြသည်။ ကျန် (၃) ဦးမှာ ၀.၁ % အထက် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် မွန်၊ ဗမာ၊ ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများဖြစ်ကြသည်။

- ကရင်ပြည်နယ်လွှတ်တော်သည် ပထမအကြိမ်သက်တမ်း (၂၀၁၀-၂၀၁၅) တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၄၁ % ဖြင့် အများဆုံးအနိုင်ရရှိခဲ့ပြီး ဒုတိယအကြိမ် (၂၀၁၅ -၂၀၂၀) နှင့် တတိယအကြိမ် (၂၀၂၀ -၂၀၂၅) တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၇၇% နှင့် ၇၆% တို့ဖြင့် အများဆုံးအနိုင်ရရှိခဲ့သည်။ တိုင်းရင်းသားပါတီများ အနိုင်ရရှိမှုအနေဖြင့် ၂၀၁၀ တွင် ၅၃% အများဆုံးတွေ့ရှိရပြီး အခြားဒုတိယနှင့် တတိယအကြိမ်သက်တမ်းတို့တွင် အများဆုံး ၆% နှင့် ၁၈% သာရရှိသည့်အတွက် တိုင်းရင်းသားပါတီများအနိုင်ရရှိမှု အလွန်နည်းသည်ကို တွေ့ရသည်။ ယခင်သက်တမ်းကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်သည့် လွှတ်တော်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်သည့်အစိုးရအဖြစ် ဆက်လက်မြင်တွေ့ရမည်ဖြစ်သည်။


**ပုံ (၁၃) ကရင်ပြည်နယ်လွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှုနှိုင်းယှဉ်ပုံ**




## ကရင်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- ၂၀၁၀ ခုနှစ် ပထမအကြိမ်အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးများအနိုင်ရရှိသည်ကို လုံးဝမတွေ့ရဘဲ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ၁၂% အနိုင်ရရှိခဲ့ပြီး ၂၀၂၀ ခုနှစ် တတိယအကြိမ်ရွေးကောက်ပွဲတွင် ၁၈% အနိုင်ရရှိသဖြင့် ယခင်ထက်ပို၍ အနိုင်ရသည်ကိုတွေ့ရသည်။

**ပုံ (၁၄) ကရင်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ**




# ချင်းပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု


## ချင်းပြည်နယ်လွှတ်တော်

- ချင်းပြည်နယ်လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၁၈) ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် (၆) ဦး စုစုပေါင်း (၂၄) ဦး ပါဝင်ကြသည်။ အဆိုပါ ၁၈ ဦးမှာ တစ်မြို့နယ်လျှင် (၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြစ်ကြပြီး အခြားသော ၀.၁ ရာခိုင်နှုန်းအထက် တိုင်းရင်းသားရေးရာဝန်ကြီးများမရှိပါ။

- ရွေးကောက်ပွဲရလဒ်များအရ ၂၀၁၀ တွင် တိုင်းရင်းသားပါတီများ[၂] အားလုံးစုစုပေါင်း ၆၁% အထိ အနိုင်ရရှိခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၃၉ % အနိုင်ရရှိခြင်းကြောင့် ပထမအကြိမ် (၂၀၁၀-၂၀၁၅) သည် တိုင်းရင်းသားပါတီများ အားကောင်းသည့် လွှတ်တော်ဟုဆိုနိုင်သည်။ သို့သော်လည်း ဒုတိယအကြိမ်(၂၀၁၅ - ၂၀၂၀) ၆၇ % နှင့် တတိယအကြိမ်သက်တမ်း (၂၀၂၀ -၂၀၂၅) တို့တွင် ၈၉ %ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသာ အများဆုံးအနိုင်ရရှိခဲ့သည်။ **၂၀၂၀ တွင် တိုင်းရင်းသားပါတီများ အနိုင်ရရှိမှုသည် ၁၁% သာရှိခြင်းကြောင့် ၂၀၁၀ ခုနှစ် ပထမအကြိမ်ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးလာသည်ကို တွေ့ရသည်။** ပထမအကြိမ်သက်တမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် အများဆုံးအနိုင်ရရှိခဲ့သော်လည်း ဒုတိယအကြိမ်တွင် ၂၂% အနိုင်ရရှိခဲ့ပြီး တတိယအကြိမ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နေရာအားလုံးတွင် ရှုံးနိမ့်သည်ကို တွေ့ရှိရသည်။

[၂] တိုင်းရင်းသားပါတီများ (ချင်းတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားပါတီ၊ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးတိုးတက်ရေးပါတီ)


## ပုံ (၁၅) ချင်းပြည်နယ်လွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပုံ




### ချင်းပြည်နယ်လွှတ်တော်တွင်အမျိုးသမီများ အနိုင်ရရှိမှုရာခိုင်နှုန်း

- ပထမအကြိမ် ၂၀၁၀ အထွေထွေရွေးကောက်ပွဲနှင့် ဒုတိယအကြိမ် ၂၀၁၅ တို့တွင် အနိုင်ရရှိသည်ကိုမတွေ့ရဘဲ ၂၀၂၀ တွင်သာ ပထမဦးဆုံးအနေဖြင့် အမျိုးသမီးကိုယ်စားလှယ်များ ၆% အနိုင်ရရှိသည်။

## ပုံ (၁၆) ချင်းပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ



# မွန်ပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု


## မွန်ပြည်နယ်လွှတ်တော်

- မွန်ပြည်နယ်လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၂၃) ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၇) ဦး စုစုပေါင်း (၃၀) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၂၃) ဦးအနက် (၂၀) ဦးမှာ တစ်မြို့နယ်လျှင် (၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြစ်ကြသည်။ ကျန် (၃) ဦးမှာ ၀.၁ % အထက် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ကရင်၊ ဗမာ၊ ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများဖြစ်ကြသည်။

- ရွေးကောက်ပွဲရလဒ်များအရ ပထမအကြိမ်သက်တမ်း (၂၀၁၀ - ၂၀၁၅) တွင် အခြားသော လွှတ်တော်များကဲ့သို့ပင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၆၁% ဖြင့် အများဆုံးအနိုင်ရရှိသည်ကိုတွေ့ရပြီး တိုင်းရင်းသားပါတီဖြစ်သည့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီမှ ၃၀% အနိုင်ရရှိခဲ့သည်။ ဒုတိယအကြိမ်သက်တမ်း (၂၀၁၅-၂၀၂၀) နှင့် တတိယအကြိမ်သက်တမ်းတို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၇၀ % အထက်ဖြင့် အများဆုံးအနိုင်ရရှိသည်။ ၂၀၁၅ ခုနှစ်တွင် တိုင်းရင်းသားပါတီများ အနိုင်ရရှိမှုအနေဖြင့် ၂၀၁၀ နှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းခဲ့သော်လည်း ၂၀၂၀ တွင် ပထမအကြိမ်သက်တမ်းကဲ့သို့ပင် ၃၀% ပြန်လည်အနိုင်ရရှိသည်ကို တွေ့ရှိရသည်။ ၂၀၁၅ ခုနှစ်တွင် မွန်နှစ်ပါတီ (မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ မွန်အမျိုးသားပါတီ)ဟူ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၂၀ တွင် အဆိုပါနှစ်ပါတီပေါင်း၍ မွန်ညီညွတ်ရေးပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၁၅ နှင့်နှိုင်းယှဉ်ပါက ရလဒ်အားဖြင့် ထက်ဝက်ကျော်ပို၍ အနိုင်ရရှိခဲ့သည်။

- ယခု ၂၀၂၀ ခုနှစ် တတိယအကြိမ် ရွေးကောက်ပွဲရလဒ်များအရ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအနက် တစ်ခုတည်းသော အင်အားကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် အတိုက်အခံ တိုင်းရင်းသားပါတီနှစ်ခုသာရှိသော လွှတ်တော်ဖြစ်လာမည်ဖြစ်သည်။

### ပုံ (၁၇) မွန်ပြည်နယ်လွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပုံ




## မွန်ပြည်နယ်လွှတ်တော်တွင်း အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- ၂၀၁၀ တွင် အနိုင်ရရှိသည်ကိုမတွေ့ရသော်လည်း ၂၀၁၅ နှင့် ၂၀၂၀ တွင် ၂၆% အနိုင်ရရှိသည်။

- တိုင်းဒေသကြီး၊ ပြည်နယ်များအနက် ရန်ကုန်တိုင်းဒေသကြီးပြီးလျှင် မွန်ပြည်နယ်သည် အမျိုးသမီးကိုယ်စားလှယ် အများဆုံးအနိုင်ရရှိခြင်းဖြစ်သည်။

### ပုံ (၁၈) မွန်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ




## ရခိုင်ပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု


### ရခိုင်ပြည်နယ်လွှတ်တော်

- ပထမအကြိမ်နှင့် ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၃၅) ဦး နှင့် တပ်မတော်သားကိုယ်စားလှယ် (၁၂) ဦး စုစုပေါင်း (၄၇) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၃၅) ဦးအနက် (၃၄) ဦးမှာ တစ်မြို့နယ်လျှင် (၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြစ်ကြသည်။ ကျန် (၁) ဦးမှာ ၀.၁% အထက်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဖြစ်သည်။ ၂၀၂၀ တတိယအကြိမ် ရွေးကောက်ပွဲတွင် လုံခြုံရေးအခြေအနေကြောင့် ၁၇ မြို့နယ် မဲဆန္ဒနယ် (၃၄) နေရာရှိသည့်အနက် ၉ မြို့နယ်တွင် ရွေးကောက်ပွဲ လုံးဝကျင်းပနိုင်ခြင်းမရှိခြင်းနှင့် အမ်းနှင့် တောင်ကုတ်မြို့နယ်ရှိ မဲဆန္ဒနယ်နေရာတော်တော်များတွင်လည်း ရွေးကောက်ပွဲမကျင်းပနိုင်သဖြင့် မြို့နယ် (၈) ခု မဲဆန္ဒနယ် (၁၄) နေရာတွင်သာ ကျင်းပနိုင်သည်ကို တွေ့ရပြီး ၀.၁% အထက် နေထိုင်ကြသော ချင်းတိုင်းရင်းသား ရေးရာလူမျိုးဝန်ကြီးနေရာနှင့် စုစုပေါင်း ၁၅ ဦးရှိပါသည်။

- ရွေးကောက်ပွဲရလဒ်များအရရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၁၀ ၂၀၁၅၊ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ တို့တွင် ရခိုင်တိုင်းရင်းသားပါတီများမှ အများဆုံးအနိုင်ရရှိကြသည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် ၄၀% အနိုင်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ၈%နှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ၇ % ဖြင့် အနိုင်ရရှိမှု သိသိသာသာ လျော့နည်းလာသည်ကို တွေ့ရသည်။ အမျိုးသားဒီမိုကရေစီ

အဖွဲ့ချုပ်ပါတီအနေဖြင့် ၂၀၁၅ တွင် ၂၆% အနိုင်ရရှိပြီး ၂၀၂၀ တွင် ၃၃% အနိုင်ရရှိထားသည်။ ပထမအကြိမ်သက်တမ်းတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အစိုးရအဖွဲ့နိုင်ခြင်းကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အစိုးရအဖွဲ့နှင့် ရခိုင်တိုင်းရင်းသားပါတီများ ဦးဆောင်သောလွှတ်တော်၊ ဒုတိယအကြိမ်သက်တမ်းတွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အစိုးရဖွဲ့နိုင်သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအစိုးရနှင့် ရခိုင်တိုင်းရင်းသားပါတီများ ဦးဆောင်သော လွှတ်တော်၊ တတိယအကြိမ်တွင်လည်း အလားတူပင်ဖြစ်သည်။ အဆိုပါအခင်းအကျင်းတွင် အနိုင်ရ အစိုးရဖွဲ့နိုင်သည့်ပါတီသည် အများဆုံးအနိုင်ရရှိသည့် တိုင်းရင်းသားပါတီများနှင့် မည်သို့ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မည်ဆိုသည့် နည်းလမ်းသည် အလွန်အရေးကြီးသည်။ ထိုသို့မဟုတ်ပါက အစိုးရနှင့်လွှတ်တော်အကြား အပြိုင်အဆိုင် အားပြိုင်မှု၊ တင်းမာမှုများစွာ ကြုံတွေ့နိုင်သည်။ တတိယအကြိမ်သက်တမ်းတွင် အစိုးရဖွဲ့နိုင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေနှင့် ၁၃% အနိုင်ရရှိထားသည့် ရခိုင်ဦးဆောင်ပါတီ၊ ၄၇% ရရှိထားသည့် ရခိုင်အမျိုးသားပါတီတို့နှင့် မည်သို့ပူးပေါင်းမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။


## ပုံ (၁၉) ရခိုင်ပြည်နယ်လွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပုံ




## ရခိုင်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- ၂၀၁၀ ခုနှစ် ပထမအကြိမ်အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးများအနိုင်ရရှိမှုအနေဖြင့် ၃% အနိုင်ရရှိ ခဲ့ပြီး ဒုတိယအကြိမ် ၂၀၁၅ တွင် အနိုင်လုံးဝမရှိခဲ့ပါ။ တတိယအကြိမ် ၂၀၂၀ ခုနှစ်တွင် ၁၃% ကျော် အနိုင်ရရှိပြီး ယခင်သက်တမ်းများထက်ပို၍ အနိုင်ရရှိခဲ့သည်။

ပုံ (၂၀) ရခိုင်ပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ




## ရှမ်းပြည်နယ်လွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု


### ရှမ်းပြည်နယ်လွှတ်တော်


- ရှမ်းပြည်နယ်လွှတ်တော်သည် ၅၅ မြို့နယ်ရှိပြီး တစ်မြို့နယ်လျှင် (၂) ဦးနှုန်းဖြင့် မဲဆန္ဒနယ် (၁၁၀) ရှိသော်လည်း လုံခြုံရေးအခက်အခဲများကြောင့် အပြည့်အဝမကျင်းပနိုင်ဘဲ ၂၀၁၀ ခုနှစ်တွင် မြို့နယ် ၅၀ မဲဆန္ဒနယ် (၉၉) ခု၊ ၂၀၁၅ ခုနှစ်တွင် ၄၈ မြို့နယ် မဲဆန္ဒ နယ် (၉၆) နေရာနှင့် ၂၀၂၀ တွင် ၄၉ မြို့နယ် မဲဆန္ဒနယ် (၉၇) နေရာတွင် ကျင်းပနိုင်ခဲ့သည်။ တပ်မတော်သားကိုယ်စားလှယ်အနေဖြင့် (၃၆) ဦးပါဝင်ပြီး ၀.၁% အထက် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ကချင်၊ လီဆူ၊ အာခါ၊ ကယန်း၊ လားဟူ၊ အင်းသား နှင့်ဗမာ တိုင်းရင်းသားရေးရာဝန်ကြီး (၇) ဦးဖြင့်လည်း ပါဝင်ဖွဲ့စည်းထားပါသည်။


- ရှမ်းပြည်နယ်လွှတ်တော်သည် ပြည်နယ်နှင့်တိုင်းလွှတ်တော်များတွင် အကြီးဆုံးလွှတ်တော်ဖြစ်ပြီး တိုင်းရင်းသား ပါတီများလည်းစုံလင်သည့် လွှတ်တော်ဖြစ်သည်။ အထွေထွေရွေးကောက်ပွဲရလဒ်များအရ ၂၀၁၀ နှင့် ၂၀၁၅ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်တွင် နေရာအများဆုံးရရှိထားပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအားကောင်းသည့် လွှတ်တော်ဟုပင်ဆိုနိုင်သည်။ ၂၀၁၅ တွင် တောင်ပြိုကမ်းပြို အနိုင်ရရှိပြီး အစိုးရဖွဲ့နိုင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည်ပင် ရှမ်းပြည်နယ်လွှတ်တော်၌ ၂၂ % အနိုင်ရရှိပြီး တတိယနေရာသာရခဲ့သည်။ ဒုတိယအနေဖြင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၃% အနိုင်ရရှိခဲ့ကြသည်။ သို့သော် တတိယအကြိမ်သက်တမ်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၃၁% ဖြင့် အများဆုံး အနိုင်ရရှိခဲ့ပြီး ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၅% ဖြင့် ယခင်သက်တမ်းကဲ့သို့ပင် ဒုတိယနေရာ အများဆုံး အနိုင်ရရှိခဲ့သည်။ ယခင်သက်တမ်းများတွင် အများဆုံးအနိုင်ရရှိခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ၂၃% အနိုင်ရရှိမှုဖြင့် တတိယ နေရာတွင်ရှိနေသည်။ သက်တမ်း ၂ ခုတွင် လွှတ်တော်၏ အဓိကရာထူးဖြစ်သည့် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌရာထူးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှယူထားခဲ့ပြီး ယခုတတိယအကြိမ်သက်တမ်းတွင် အဆိုပါနေရာများအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှရရှိရန် အလား အလာအားဖြင့်ကောင်းနေသော်လည်း ဒုတိယအများဆုံး အနိုင်ရရှိထားသည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ

အဖွဲ့ချုပ်ပါတီ၏ထောက်ခံမှုသည် အလွန်အရေးပါသည့် အခန်းကဏ္ဍတွင်တည်ရှိနေသည်။ ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဦးဆောင်သည့် အစိုးရအဖွဲ့တွင် ယခင် ဒုတိယအကြိမ်သက်တမ်းကဲ့သို့ပင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ စုပေါင်း၍ဖွဲ့မည်လား သို့တည်းမဟုတ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အခြားသော တိုင်းရင်းသားပါတီများနှင့်ညှိနှိုင်း၍ ညွန့်ပေါင်းဖွဲ့ကာ လွှတ်တော်အား ဦးဆောင်မည်လားဆိုသည့်အချက်များအား ဆက်လက်စောင့်ကြည့်လေ့လာရမည်ဖြစ်သည်။

### ပုံ (၂၁) ရှမ်းပြည်နယ်လွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပုံ (%)








## ရှမ်းပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- ၂၀၁၀ ခုနှစ် ပထမအကြိမ်ရွေးကောက်ပွဲမှစ၍ အမျိုးသမီးများအနိုင်ရရှိမှုအနေဖြင့် ၇% တွေ့ရပြီး ၂၀၁၅ ခုနှစ်တွင် ၇% နှင့် ၂၀၂၀ ခုနှစ်တွင် ၁၄% ဖြင့် အများဆုံးအနိုင်ရရှိသည်။

ပုံ (၂၂) ရှမ်းပြည်နယ်လွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှုရာခိုင်နှုန်း နှိုင်းယှဉ်ပြပုံ





## ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု

### ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

- ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၅၄) ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် (၁၈) ဦး စုစုပေါင်း (၇၂) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၅၄) ဦးအနက် (၅၂) ဦးမှာ တစ်မြို့နယ် လျှင် (၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြစ်ကြသည်။ ကျန် (၂) ဦးမှာ ၀.၁% အထက်နေထိုင် ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ကရင်နှင့်ရခိုင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများဖြစ်ကြသည်။

- ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်သက်တမ်း (၃) ခုလုံးတွင် တစ်ပါတီမှသာ တောင်ပြိုကမ်းပြို အနိုင်ရရှိသည် ကိုတွေ့ရသည်။ ပထမအကြိမ်သက်တမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၉၀% နီးပါးဖြင့် အများဆုံး အနိုင်ရရှိခဲ့သည်။ ဒုတိယအကြိမ်သက်တမ်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၉၄% ဖြင့် အများဆုံးအနိုင် ရရှိခဲ့ပြီး တတိယအကြိမ်သက်တမ်းတွင်လည်း ၁၀၀% ဖြင့် အများဆုံးအနိုင်ရရှိခဲ့သည်။


ပုံ (၂၃) ဧရာဝတီတိုင်းလွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပုံ



### ရော်ဝတီတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- ၂၀၁၀ ခုနှစ် ပထမအကြိမ်တွင် ၄% အနိုင်ရရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် ရွေးကောက်ပွဲတွင် ၁၅% နှင့် ၂၀၂၀ ခုနှစ် တတိယအကြိမ်ရွေးကောက်ပွဲတွင် ၂၀% အထိ အနိုင်ရရှိခဲ့သည်။

**ပုံ (၂၄) ဧရာဝတီတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ**





## ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများ အနိုင်ရရှိမှု

### ပဲခူးတိုင်းဒေသကြီးလွှတ်တော်

- ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၅၇) ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် (၁၉) ဦး စုစုပေါင်း (၇၆) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၅၇) ဦးအနက် (၅၆) ဦးမှာ တစ်မြို့နယ် လျှင်(၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများ ဖြစ်ကြသည်။ ကျန် (၁) ဦးမှာ ၀.၁% အထက် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး များဖြစ်သည်။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော်သက်တမ်း (၃) ခုလုံးတွင် တစ်ပါတီမှသာ တောင်ပြိုကမ်းပြို အနိုင်ရရှိသည်ကို တွေ့သည်။ ပထမအကြိမ်သက်တမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တောင်ပြိုကမ်းပြိုအနိုင်ရ ရှိခဲ့ပြီး ဒုတိယနှင့် တတိယအကြိမ်သက်တမ်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အများဆုံးအနိုင်ရရှိခဲ့ သည်။ ပထမအကြိမ်သက်တမ်းတွင် တိုင်းရင်းသားပါတီမှ ၂% အနိုင်ရရှိသည်ကို တွေ့ရသော်လည်း ဒုတိယနှင့် တတိယသက်တမ်းတွင် အနိုင်ရရှိမှုမတွေ့ရပါ။


### ပုံ (၂၅) ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပြပုံ




### ပဲခူးတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- ၂၀၁၀ ခုနှစ် ပထမအကြိမ်ရွေးကောက်ပွဲတွင် အမျိုးသမီးများအနိုင်ရရှိမှုအနေနှင့် ၅% အနိုင်ရရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲတို့တွင် ၃ ဆပို၍ အနိုင်ရရှိလာခဲ့သည်။ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် ရွေးကောက်ပွဲတွင် ၁၄% နှင့်၂၀၂၀ ခုနှစ် တတိယအကြိမ်ရွေးကောက်ပွဲတွင် ၁၆% အနိုင်ရရှိခဲ့သည်။

### ပုံ (၂၆) ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှုရာခိုင်နှုန်း နှိုင်းယှဉ်ပြပုံ




# မန္တလေးတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်

- မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၅၇) ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၁၉)ဦး စုစုပေါင်း (၇၆) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၅၇) ဦးအနက် (၅၆) ဦးမှာ တစ်မြို့နယ်လျှင် (၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြစ်ကြသည်။ ကျန် (၁) ဦးမှာ ၀.၁% အထက် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖြစ်သည်။

- မန္တလေးတိုင်းဒေသကြီးတွင်လည်း ရွေးကောက်ပွဲရလဒ်များအရ တစ်ပါတီမှသာ အများဆုံးအနိုင်ရရှိသည်ကို တွေ့ရသည်။ ပထမအကြိမ်သက်တမ်း ၂၀၁၀ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ အများဆုံးအနိုင်ရရှိခဲ့ပြီး အခြားသောသက်တမ်းများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အများဆုံးအနိုင်ရရှိခဲ့သည်။ တိုင်းရင်းသားပါတီအနေဖြင့် ၂% အနိုင်ရရှိသည်ကို ပထမအကြိမ်သက်တမ်းတွင်သာ တွေ့ရှိရသည်။


**ပုံ (၂၇) မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု ရာခိုင်နှုန်းပြပုံ**




## မန္တလေးတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- အမျိုးသမီးများအနိုင်ရရှိမှုအနေနှင့် ၂၀၁၀ ခုနှစ် ပထမအကြိမ်တွင် ၄% အနိုင်ရရှိခဲ့ရာမှ ဒုတိယအကြိမ် ၂၀၁၅ ခုနှစ်တွင် ၇% နှင့် တတိယအကြိမ် ၂၀၂၀ ရွေးကောက်ပွဲတွင် ၉% အနိုင်ရရှိခဲ့သည်။တိုင်းဒေသကြီးလွှတ်တော်များအနက် မန္တလေးတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု အနည်းဆုံး တွေ့မြင်ရသည်။

ပုံ (၂၈) မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ





## မကွေးတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု

### မကွေးတိုင်းဒေသကြီးလွှတ်တော်

- မကွေးတိုင်းဒေသကြီးလွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၅၁) ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၁၇) ဦး စုစုပေါင်း (၆၈) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၅၁) ဦးအနက် (၅၀) ဦးမှာ တစ်မြို့နယ်လျှင် (၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြစ်ကြသည်။ ကျန် (၁) ဦးမှာ ၀.၁% အထက်နေထိုင်ကြသော တိုင်းရင်းသား လူမျိုးစု လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖြစ်သည်။

- ရွေးကောက်ပွဲရလဒ်များအရ လွှတ်တော်သက်တမ်း (၃) ကြိမ်လုံးတွင် တစ်ပါတီမှ အများဆုံးအနိုင်ရရှိသည်ကို တွေ့ရသည်။ ပထမသက်တမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၉၂% ဖြင့် အများဆုံးအနိုင်ရရှိပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၀၁၅ ဒုတိယအကြိမ်နှင့် ၂၀၂၀ တတိယအကြိမ်ရွေးကောက်ပွဲတွင် ၁၀၀% အနိုင်ရရှိသည်။


ပုံ (၂၉) မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပြပုံ



### မကွေးတိုင်းလွှတ်တော်တွင်အမျိုးသမီးများအနိုင်ရရှိမှုရာခိုင်နှုန်း

- ၂၀၁၀ခုနှစ်ပထမအကြိမ်ရွေးကောက်ပွဲတွင် ၂% အနိုင်ရရှိပြီး ၂၀၁၅ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ၁၆% နှင့် ၂၀၂၀ခုနှစ် တတိယအကြိမ်ရွေးကောက်ပွဲတွင် ၂၀% အနိုင်ရရှိခဲ့သည်။ အမျိုးသမီးများအနိုင်ရရှိမှု အနေနှင့် ပထမအကြိမ်ရွေးကောက်ပွဲရလဒ်များထက် သိသိသာသာပို၍ အနိုင်ရရှိခဲ့သည်။

**ပုံ (၃၀) မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှုရာခိုင်နှုန်း နှိုင်းယှဉ်ပြပုံ**





## စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု

### စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

- စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၇၆) ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် (၂၅) ဦး စုစုပေါင်း (၁၀၁) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၇၆) ဦးအနက် (၇၄) ဦးမှာ တစ်မြို့နယ် လျှင် (၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြစ်ကြသည်။ ကျန် (၁) ဦးမှာ ၀.၁% အထက် နေထိုင် ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ချင်းနှင့်ရှမ်း တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများဖြစ်ကြသည်။

- စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် သက်တမ်း (၃) ခုလုံးတွင် တစ်ပါတီမှသာ အများဆုံးအနိုင်ရရှိသည်ကို တွေ့ရှိရသည်။ ပထမအကြိမ်သက်တမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၈၈% ဖြင့် အများဆုံးအနိုင် ရရှိခဲ့ပြီး ဒုတိယနှင့် တတိယအကြိမ်သက်တမ်းတို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၉၁ % နှင့် ၉၇ % တို့ ဖြင့် အများဆုံးအနိုင်ရရှိခဲ့သည်။ ပထမနှင့် ဒုတိယအကြိမ်သက်တမ်းများတွင် တိုင်းရင်းသားပါတီများ အနိုင်ရရှိ သည်ကို တွေ့ရသော်လည်း တတိယအကြိမ်သက်တမ်းတွင် အင်အားကြီးပါတီ ၂ ခုဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့သာ အနိုင်ရရှိကြသည်။


ပုံ (၂၉) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပြပုံ




## စစ်ကိုင်းတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- ၂၀၁၀ ခုနှစ် ပထမအကြိမ်ရွေးကောက်ပွဲတွင် အမျိုးသမီးများအနိုင်ရရှိသည်ကိုမတွေ့ရဘဲ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတို့တွင် ၁၈% အနိုင်ရရှိခဲ့သည်ကိုတွေ့ရသည်။

ပုံ (၃၂) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ




# တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု


## တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

- တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် (၂၁) ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် (၇) ဦး စုစုပေါင်း (၂၈) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၂၁) ဦးအနက် (၂၀) ဦးမှာ တစ်မြို့နယ်

လျှင်(၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများ ဖြစ်ကြသည်။ ကျန် (၁) ဦးမှာ ၀.၁% အထက်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖြစ်သည်။

- ရွေးကောက်ပွဲရလဒ်များအရ လွှတ်တော်သက်တမ်း (၃) ကြိမ်လုံးတွင် တစ်ပါတီမှ အများဆုံးအနိုင်ရရှိသည်ကို တွေ့ရသည်။ ပထမသက်တမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၉၅% ဖြင့် အများဆုံးအနိုင်ရရှိပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၀၁၅ ဒုတိယအကြိမ်နှင့် ၂၀၂၀ တတိယအကြိမ်ရွေးကောက်ပွဲတွင် ၁၀၀% အနိုင်ရရှိသည်။


### ပုံ (၃၃) တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပြပုံ




### တနင်္သာရီတိုင်းလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- ၂၀၁၀ ခုနှစ် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်များ အနိုင်ရရှိသည်ကို မတွေ့ရဘဲ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ၁၀% နှင့် တတိယအကြိမ် ၂၀၂၀ ရွေးကောက်ပွဲတွင် ၁၉% အနိုင်ရရှိခဲ့သည်။

### ပုံ (၃၄) တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်းနှိုင်းယှဉ်ပြပုံ




# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နှင့် အမျိုးသမီးများအနိုင်ရရှိမှု

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

- ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကို ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် (၉၂) ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ် (၃၁) ဦး စုစုပေါင်း (၁၂၃) ဦး ပါဝင်ကြသည်။ ရွေးကောက်ခံ (၉၂) ဦးအနက် (၉၀) ဦးမှာ တစ်မြို့နယ်လျှင် (၂) ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ထားသူများ ဖြစ်ကြသည်။ ကျန် (၁) ဦးမှာ ၀.၁% အထက် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ကရင်နှင့်ရခိုင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး များဖြစ်ကြသည်။

- ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည်လည်း သက်တမ်း (၃) ခုလုံးတွင် တစ်ပါတီမှသာ အများဆုံးအနိုင်ရရှိခဲ့ သည်။ ပထမအကြိမ်သက်တမ်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၈၂% ဖြင့် အများဆုံး အနိုင်ရရှိ ပြီး ဒုတိယနှင့်တတိယအကြိမ် သက်တမ်းနှစ်ခုလုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၉၆% ကျော်ဖြင့် အများဆုံးအနိုင်ရရှိကြသည်။


**ပုံ (၃၅) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ရွေးကောက်ပွဲများ၌ ပါတီအလိုက်အနိုင်ရရှိမှု နှိုင်းယှဉ်ပြပုံ (%)**



## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း

- အမျိုးသမီးများအနိုင်ရရှိမှုအနေနှင့် ၂၀၁၀ ခုနှစ် ပထမအကြိမ်အထွေထွေရွေးကောက်ပွဲတွင် ၇% အနိုင်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ၁၉% အနိုင်ရရှိခဲ့သည်။ တတိယအကြိမ် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် ၃၀% ရရှိခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများအနက် ရန်ကုန်တိုင်းလွှတ်တော်တွင် အမျိုးသမီးများ အများဆုံးအနိုင်ရရှိခဲ့သည်ကို တွေ့ရသည်။

**ပုံ (၃၆) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် အမျိုးသမီးများအနိုင်ရရှိမှု ရာခိုင်နှုန်း နှိုင်းယှဉ်ပြပုံ**



# အထွေထွေရွေးကောက်ပွဲများအလိုက် အနိုင်ရပါတီများ ရလဒ်ဇယား

## ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်ဇယား

| လွှတ်တော်အလိုက်လွှမ်းခြုံမှု | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပါတီ/တစ်သီးပုဂ္ဂလ | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | ပြည်ထောင်စု လွှတ်တော် | တိုင်းဒေသကြီး နှင့် ပြည်နယ် လွှတ်တော် | စုစုပေါင်း |
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၉ | ၁၂၉ | ၃၈၈ | ၄၉၅ | ၈၈၃ |
| ၂ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂ | ၅ | ၁၇ | ၄၆ | ၆၃ |
| ၃ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | ၈ | ၄ | ၁၂ | ၄ | ၁၆ |
| ၄ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၈ | ၃ | ၂၁ | ၃၆ | ၅၇ |
| ၅ | ရခိုင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉ | ၇ | ၁၆ | ၁၉ | ၃၅ |
| ၆ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၃ | ၄ | ၇ | ၉ | ၁၆ |
| ၇ | ချင်းတိုးတက်ရေးပါတီ | ၂ | ၄ | ၆ | ၆ | ၁၂ |
| ၈ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၅ | ၄ | ၉ |
| ၉ | ချင်းအမျိုးသားပါတီ | ၂ | ၂ | ၄ | ၅ | ၉ |
| ၁၀ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | ၀ | ၁ | ၃ | ၄ |
| ၁၁ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) | ၃ | ၁ | ၄ | ၁၀ | ၁၄ |
| ၁၂ | ကရင်ပြည်သူ့ပါတီ | ၁ | ၁ | ၂ | ၄ | ၆ |
| ၁၃ | တအာင်း (ပလောင်) အမျိုးသားပါတီ | ၁ | ၁ | ၂ | ၄ | ၆ |
| ၁၄ | '၀' ဒီမိုကရက်တစ်ပါတီ | ၂ | ၁ | ၃ | ၃ | ၆ |
| ၁၅ | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) | ၁ | ၁ | ၂ | ၂ | ၄ |
| ၁၆ | ကချင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀ | ၁ | ၁ | ၁ | ၂ |
| ၁၇ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၈ | ကယန်းအမျိုးသားပါတီ | ၀ | ၀ | ၀ | ၂ | ၂ |
| ၁၉ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ | ၀ | ၀ | ၀ | ၂ | ၂ |
| ၂၀ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၁ | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၂ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၃ | တစ်သီးပုဂ္ဂလ | ၁ | ၁ | ၂ | ၄ | ၆ |
| | စုစုပေါင်း | ၃၂၅ | ၁၆၈ | ၄၉၃ | ၆၆၃ | ၁၁၅၆ |

## ၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်ဇယား

| စဉ် | ပါတီ/တစ်သီးပုဂ္ဂလ | လွှတ်တော်အလိုက်လွှမ်းခြုံမှု | | | | |
|---|---|---|---|---|---|---|
| | | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | ပြည်ထောင်စု လွှတ်တော် | တိုင်းဒေသကြီး နှင့် ပြည်နယ် လွှတ်တော် | စုစုပေါင်း |
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၅ | ၁၃၅ | ၃၉၀ | ၄၉၆ | ၈၈၆ |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀ | ၁၁ | ၄၁ | ၇၆ | ၁၁၇ |
| ၃ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၀ | ၁ | ၁ | ၀ | ၁ |
| ၄ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၅ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၁၂ | ၃ | ၁၅ | ၂၅ | ၄၀ |
| ၆ | ကရင်ပြည်သူ့ပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၇ | ရခိုင်အမျိုးသားပါတီ | ၁၂ | ၁၀ | ၂၂ | ၂၃ | ၄၅ |
| ၈ | ကချင်ပြည်နယ် ဒီမိုကရေစီပါတီ | ၁ | ၀ | ၁ | ၃ | ၄ |
| ၉ | တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀ | ၀ | ၀ | ၂ | ၂ |
| ၁၀ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၁ | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၂ | မွန်အမျိုးသားပါတီ | ၀ | ၁ | ၁ | ၂ | ၃ |
| ၁၃ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀ | ၀ | ၀ | ၂ | ၂ |
| ၁၄ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | ၂ | | ၂ | ၃ | ၅ |
| ၁၅ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၅ | ၇ | ၁၂ |
| ၁၆ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) | ၃ | ၁ | ၄ | ၆ | ၁၀ |
| ၁၇ | 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၈ | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၉ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ | ၂ | ၄ | ၂ | ၆ |
| ၂၀ | 'ဝ' ဒီမိုကရက်တစ်ပါတီ | ၁ | ၀ | ၁ | ၂ | ၃ |
| ၂၁ | အာခါအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၂၂ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၁ | ၀ | ၁ | ၁ | ၂ |
| ၂၃ | တစ်သီးပုဂ္ဂလ | ၁ | ၂ | ၃ | ၂ | ၅ |
| | စုစုပေါင်း | ၃၂၂ | ၁၆၆ | ၄၈၈ | ၆၅၇ | ၁၁၄၅ |

## ၂၀၂၀ အထွေထွေရွေးကောက်ပွဲရလဒ်ဇယား

| လွှတ်တော်အလိုက်လွှမ်းခြုံမှု | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပါတီ/တစ်သီးပုဂ္ဂလ | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | ပြည်ထောင်စု လွှတ်တော် | တိုင်းဒေသကြီး နှင့် ပြည်နယ် လွှတ်တော် | စုစုပေါင်း |
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၈ | ၁၃၈ | ၃၉၆ | ၅၂၄ | ၉၂၀ |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆ | ၇ | ၃၃ | ၃၈ | ၇၁ |
| ၃ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ | ၂ | ၁၅ | ၂၇ | ၄၂ |
| ၄ | ရခိုင်အမျိုးသားပါတီ | ၄ | ၄ | ၈ | ၇ | ၁၅ |
| ၅ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၅ | ၇ | ၁၂ |
| ၆ | မွန်ညီညွတ်ရေးပါတီ | ၂ | ၃ | ၅ | ၇ | ၁၂ |
| ၇ | ပအိုဝ်အမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | ၁ | ၄ | ၇ | ၁၁ |
| ၈ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၅ | ၃ | ၈ |
| ၉ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ | ၀ | ၁ | ၃ | ၄ |
| ၁၀ | ရခိုင်ဦးဆောင်ပါတီ | ၁ | ၀ | ၁ | ၂ | ၃ |
| ၁၁ | 'ဝ' အမျိုးသားပါတီ | ၁ | ၀ | ၁ | ၂ | ၃ |
| ၁၂ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀ | ၀ | ၀ | ၂ | ၂ |
| ၁၃ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | ၀ | ၁ | ၁ | ၂ |
| ၁၄ | ဒီမိုကရေစီပါတီသစ် (ကချင်) | ၀ | ၁ | ၁ | ၁ | ၂ |
| ၁၅ | ကယန်းအမျိုးသားပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၆ | ကရင်ပြည်သူ့ပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၇ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၈ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၀ | ၀ | ၀ | ၁ | ၁ |
| ၁၉ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၀ | ၀ | ၀ | ၂ | ၂ |
| ၂၀ | တစ်သီးပုဂ္ဂလ | ၀ | ၀ | ၀ | ၄ | ၄ |
| | စုစုပေါင်း | ၃၁၅ | ၁၆၁ | ၄၇၆ | ၆၄၁ | ၁၁၁၇ |

# ကိုးကား


၁။ Enlightened Myanmar Research Foundation.21 September 2016. "COMPETING PARTIES AND WINNING PARTIES (INCLUDING INDIVIDUAL )WITH THE NUMBER OF CANDIDATS IN 2015 GENERAL ELECTION" https://mypilar.org/en/publication/competing-parties-and-winning-parties-including-individuals-number-candidates-2015

၂။ Enlightened Myanmar Research Foundation.1st September 2016. "Result of 2015 General Election" Accessed 20 November 2020. https://www.mypilar.org/en/publication/results-2015-general-elections

၃။ Latt,Shwe Shwe Sein,Kim N.B Ninh,Mi Ki Kyaw Myint,Susan Lee.2017.Women Political Participation in Myanmar. https://asiafoundation.org/wp-content/uploads/2017/05/Womens-Political-Participation-in-Myanmar-MP-Experiences_report-1.pdf

၄။ Nyein ,Nyein,San Yanmin Aung, Zaw Zaw "Myanmar's 2020 General Election Result in Numbers", 11 November 20220,Accessed November 23,2020. https://www.irrawaddy.com/elections/myanmars-2020-general-election-results-numbers.html

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ၂၀၁၀ "၂၀၁၀ အထွေထွေရွေးကောက်ပွဲရလဒ်" Accessed 20 November 2020. https://www.uec.gov.mm/pages.php?pagename

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ၂၀၂၀။ "၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ် စာရင်းချုပ်ထုတ်ပြန်ခြင်း" နိုဝင်ဘာ ၂၂၊ ၂၀၂၀။ https://www.uec.gov.mm/news_preview_detail.php?action=news_detail&news

၇။ Step Democracy,International Idea Myanmar.14 July 2020. "2020 General Election in Myanmar- Fact Sheet" Accessed 22 November 2020. https://www.idea.int/sites/default/files/news/news-pdfs/2020-General-Election-in-Myanmar-Fact-Sheet_14-July-2020.pdf

၈။ Toe,Kyi.2020. "2020-winner-1117" Facebook,November 22, 2020.
https://docs.google.com spreadsheets